# မိုဇာလျှိုင်းဝေ

မုန်းမာန်ပိုငြိုပါနဲ့



(၁)

စူးဝါးသော တယ်လီဖုန်းသံက ဆယ့်ငါးပေကျယ်ဝန်းသော ဧည့်ခန်းထဲမှာ ဆူညံစွာ မြည်ဟည်းသွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော မိန်းမလှလေး၊ ထိုကျယ်လောင်သော အသံကြောင့် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသည်။

လန့်စွာ နိုးရသည့်အတွက် ရင်မှာ တလှပ်လှပ် ခုန်နေသည်။ လှိုင်းထနေသော ရင်ကို လက်ဝါးနုနုနှင့် ဖိလိုက်သည်။ တယ်လီဖုန်းသံက ဖွဲကောင်းကောင်းနှင့် အော်နေဆဲပါ။

တောက် . . . ဒီအချိန်ကြီး ဘယ်တယ်လီဖုန်းပါလိမ့် ”

မျက်မှောင်လေးတွန့်ပြီး မျက်မနပ် ပွစိ ပွစိ ပြောပြီး အိပ်ရာက ထသည်။ ဘယ်တုန်းကမှ သည်လို တယ်လီဖုန်း ညဘက် မလာဖူးပါ၊ အထူးတန်း စိတ်ထဲမှာ ဖြစ်နေသည်။

“ ဖုန်းမှားလာတာများလား ”

ဧည့်ခန်းရှိ တယ်လီဖုန်းထားရာသို့ လျှောက်ရင်း တွေးမိသည်။

မေးစင်းနေသော မျက်ဝန်းတွေဖြင့် တယ်လီဖုန်းကို လှမ်းကြည့်ပြီး ကောက်ကိုင်လိုက်သည်။

“ မြပွင့်လွှာလား ”

မယဉ်ပါဖူးသော အသံကို မြပွင့်လွှာ ကြားရသည်။

ယောက်ျားတစ်ယောက်ရဲ့အသံပါပဲ ဩဇာအာဏာနှင့် ပြည့်ဝနေသည့် အသံဆိုတာ မြပွင့်လွှာ သတိထားမိသည်။

“ ဟုတ်ပါတယ် ”

အသံရှင်ကို ဘယ်သူမှန်း မသိပါ။ မျက်ခုံးလေးအတွန့် ချိုးပြီး လေးလေးနက်နက် စဉ်းစား ကြည့်တော့လည်း အဖြေမပေါ်ပါ။

“ ဟန်ကျလိုက်တာ၊ မင်းနဲ့ တွေ့ပါ့မလားလို့ ”

“ ရှင်ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ ညအချိန်မတော်ကြီးမှာ ဖုန်းဆက်ရတာလဲ ”

ရန်လိုသည့် အသံစာစာလေးနှင့် မြပွင့်လွှာက မေးလိုက်သည်။

“ ဆောရီးပဲမြပွင့်လွှာ ညအချိန်မတော်ကြီး ဆက်မိတဲ့အတွက် ခွင့်လွှတ်ပါ ”

“ ရှင် ဘယ်သူလာ ”

“ တို့က နေဒွေးလေ မင်းသိတယ် မဟုတ်လား”

“ ဟင် . . . ”

လက်ထဲက တယ်လီဖုန်းခွက် လွတ်ကျသွားသည်။ ရုတ်တရက် မြပွင့်လွှာရဲ့ နှလုံးခုန်သံလေး ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ ဖုန်းခွက်ကို တစ္ဆေသရဲတစ်ယောက်လို ပြူးဝိုင်းထိတ် လန့်သောမျက်ဝန်းတွေနှင့် ကြည့်နေသည်။

မြပွင့်လွှာရဲ့ မျက်နှာလေးက စက္ကူဖြူတစ်ချပ်လို ဖြူဖွေးနေသည်။ ရုတ်တရက် ကိုယ်က သွေးတွေစီးပြီး ထွက်ကုန် ပျောက်ဆုံးသွားသလိုပင်။

“ မြပွင့်လွှာ . . . ဟိတ် မြပွင့်လွှာ ”

တစ်ဘက်က တကျော်ကျော်ခေါ်နေသံက တယ်လီဖုန်းထဲက

ထွက်နေသည်။ လှုပ်ယမ်းနေသော တယ်လီဖုန်းကို အထိတ်တလန့်ကြီး ကြည့်နေသည်။ ကောက်ကိုင်၍ မရအောင် မြပွင့်လွှာရဲ့ လက်တွေက တုန်ယင်နေသည်။

" မြပွင့်လွှာ မင်း ပြန်မထားဘူးလား၊ ဒီမှာ ကိုယ်ပြောတာကို သေသေချာချာ နားထောင်စမ်းပါ "

ရှောင်လွှဲလို့မဖြစ်တဲ့အတူတူ ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြိုလဲလွင့်စဉ်သွားသော စိတ်တွေကို ပြန်၍ စုစည်းလိုက်သည်။

" ဒီမှာ ဦးနေဒွေး ဘာများ ထပ်ပြီး ဒုက္ခပေးချင်လို့ ညအချိန်မတော်ကြီး ဖုန်းဆက်ရတာ လဲ"

လေသံ ထန်ထန်နှင့် မြပွင့်လွှာက ပြောလိုက်သည်။

" ကိုယ် အခု ဂျပန်ကဆက်နေတာ မြပွင့်လွှာ၊ ဒီအချိန်မှ ကိုယ်အားလို့ ဆက်ရတာ ပဲ "

" ရှင့်ဟာရှင် ဘယ်က ဆက်ဆက် ကျွန်မ စိတ်မဝင်စားဘူး၊ တာဝန်မသိ၊ လူမှုရေး နားမလည်တဲ့ နေရာမှာ ရှင်ဟာ စူပါပဲ "

" ဒီမှာ မြပွင့်လွှာ မင်းနဲ့ကိုယ် အခြေအတင် စကားပြောဖို့ အချိန်မရဘူး၊ လိုရင်းပဲပြောမယ်၊ ကိုယ့်သမီး နေကောင်းလား"

မြပွင့်လွှာရဲ့ မျက်နှာလေး ရုပ်ဆိုးလောက်အောင် မဲ့သွားသည်။

" သမီး ဟုတ်လား၊ ဘယ်က သမီးလဲ၊ သေသေချာချာလဲ ပြန်စဉ်းစားပါဦး၊ ရှင့်မှာ သမီးဆိုတာ ရှိရဲ့လားလို့ . . . "

" အပိုတွေ ပြောမနေနဲ့ မြပွင့်လွှာ၊ မကြာခင် ကိုယ် မြန်မာပြည် ပြန်လာမယ်၊ ရောက်ရောက်ချင်း သမီးကို ပြန်လာခေါ်မယ်ဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ "

“ ဘာ . . . ဘာပြောတယ် ”

မြပွင့်လွှာ ဒေါသဖြစ်လွန်း၍ အသားတွေ တဆတ်ဆတ်တုန်လာသည်။

“ အဖေ တစ်ယောက်ရဲ့ ရယူပိုင်ဆိုင်ခွင့်အရ သမီးကို ကိုယ်ပိုင်ဆိုင်ရအောင် ကြိုးစားမယ်၊ အဲဒါကို စိတ်ချလက်ချ ယုံထားလိုက် မြပွင့်လွှာ ”

“ အဟင်း . . . ဟင်း . . . ခုမှ သည်းသည်းလှုပ် ဖြစ်နေရအောင် လေးငါးနှစ်လုံးလုံး ရှင် အိပ်ပျော်နေလို့လား၊ ဒါမှမဟုတ် ခုမှ ရှင့်ရင်ထဲမှာ လူဆန်တဲ့ အသိတွေ ဝင်လာလို့လား ”

“ တောက် . . . မြပွင့်လွှာ၊ မင်း ငါ့ကို မစော်ကားနဲ့ ”

“ ဟွန်း၊ ရှင့်ရဲ့ လုပ်ရပ်တွေနဲ့စာရင် ကျွန်မပြောတာ နည်းတောင်နည်းနေသေးပါတယ် ဦးနေဒွေး ”

“ ဒီမှာ . . . မြပွင့်လွှာ၊ ငါ့သမီးဆီ ငါအရောက် လာခဲ့မယ် ဒါပဲ၊ မင်းကြိုတင် သိထားအောင် ပြောထားတာ သိလား ”

“ အင်းလေ . . . ရှင်လာမှာက ရှင့်သဘောမို့ ကျွန်မတားလို့ မရဘူးပေါ့၊ အဲ အတွေ့ခံ မခံ က ကျွန်မသဘောလေ မဟုတ်ဘူးလား ”

“ တောက် . . . ဘာလဲ မင်းက ငါမတွေ့အောင် ရှောင်နေမယ်ဆိုတဲ့ သဘောလား ”

“ ယူဆနိုင်ပါတယ် ”

“ လုပ်ရဲရင် လုပ်ကြည့်လေ၊ နေဒွေးအကြောင်း ပြရသေးတာပေါ့ ”

“ ဟင်း . . . ဟင်း . . . ဒီကလည်း မြပွင့်လွှာဆိုတာ အညံ့စားမိန်းမ ဟုတ်ဘူးဆိုတာ ပြလိုက်ချင်ပါသေးတယ် ”

" တောက် . . . "

တက်ပြင်းပြင်း တစ်ချက် ခေါက်သံနှင့်အတူ၊ ဖုန်းလိုင်း ပြတ်တောက်သွားသည်။ မြပွင့်လွှာက တယ်လီဖုန်းကို ဖြည်းလေးစွာ ပုခက်ပေါ် တင်လိုက်သည်။

ခံစားမှုပြင်းထန်၍ မြပွင့်လွှာရဲ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။

" နေဒွေးဆိုတဲ့ ဂြိုဟ်ကောင် ခုမှ ဘယ်က ပေါ်လာရတာ လဲ "

မကျေမနပ်နှင့် မြပွင့်လွှာ ရေရွတ်လိုက်သည်။ သေပြီလို့ သတ်မှတ်ထားသောသူ၊ ဘဝ ထဲက အပြီးအပိုင် မောင်းထုတ်ထားသောသူ၊ ခုတော့ ရုတ်တရက်ကြီး သူမရဲ့ဘဝထဲသို့ တိုးဝင်လာနေပြီ။

မြပွင့်လွှာ ဘာလုပ်ရလဲ ဆောက်တည်ရာ မရအောင် ခံစားနေရသည်။

" သမီးလေး၊ သမီးလေး ဂျမ်းကို သူ . . . သူ လာခေါ်တော့မယ်တဲ့၊ ဟင့်အင်း၊ ဟင့်အင်း... သမီးလေးကို ငါ မပေးနိုင်ဘူး "

အရူးမလေး တစ်ယောက်လို မြပွင့်လွှာ ခံစားနေရသည်။ အိပ်ခန်းထဲသို့ ပြန်၍ ပြေးဝင်လာ ပြီး အပြစ်မဲ့စွာ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ သမီးလေး ဂျမ်းကို ဆတ်ခနဲ တင်းတင်း ပွေ့ဖက် လိုက်သည်။

" ဂျမ်းဟာ ငါ့ရဲ့ သမီးလေး၊ ငါ့ရဲ့ဘဝ၊ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ နေဒွေးဆိုတဲ့ တာဝန်မဲ့ တဲ့လူကို သာပြီး မပေးနိုင်ဘူး သိလား "

" ဂျမ်းနဲ့ တို့နှစ်ယောက်ရဲ့ အေးချမ်းနေတဲ့ဘဝကို ဖျက်ဆီးမယ့် ဂြိုဟ်ကောင်ကြီးလာတော့မယ်တဲ့၊ ဘာလုပ်ရမလဲ ဂျမ်းလေးရယ်၊ မေမေငယ် ရှုံးရတော့မယ် ဂျမ်းရယ်၊ ရှုံးရတော့မယ် "

မျက်ရည်တွေ ဖြိုင်ဖြိုင်ကျရင်း မြပွင့်လွှာ ဖြေသိမ့်မရအောင်

ခံစားနေရသည်။

ဂျမ်းလေး နိုးသွားမှာ စိုးရိမ်၍ ပွေ့ဖက်ထားသောလက်တွေကို ဖြေလျှော့လိုက်သည်။ ဆက်ပြီး အိပ်စက်နိုင်စွမ်း မရှိတော့ပါ။ လူးလူး လိမ့်လိမ့်နှင့် မြပွင့်လွှာ ခံစားနေရသည်။

ဦးနှောက်တွေ ပေါက်ထွက်မတတ် စဉ်းစားအကြံထုတ်နေသည်။ နေဒွေးနှင့် မတွေ့ဆုံနိုင်သောနေရာသို့ မြပွင့်လွှာ ရှောင်တိမ်း ပုန်းအောင်း နေချင်ပါသည်။

သူနဲ့ မတွေ့ရအောင် ကမ္ဘာ့အပြင်ဘက်ကို ထွက်ပြေးလို့ရရင်တောင် ထွက်ပြေးနေလိုက်ချင်ပါသည်။

မိုးသာ စင်းစင်းလင်းသွားသည်။ မြပွင့်လွှာ တမှေးမှ အိပ်မရခဲ့ပါ။

*

( ၂ )

ဂျမ်းနိုးလာလျှင် အဆင်သင့် စားသောက်ဖို့ ထ၍ ပြင်ဆင်ရသည်။ နောက်ကျိနေသော ဦးနှောက်တွေ ကြည်လင်စေဖို့ ကော်ဖီခါးခါး ဖျော်သောက်သည်။

စိတ်ထဲမှာ အလွှန်ရှုပ်ထွေးနောက်ကျိနေသည်။ နေ့ဒွေးရဲ့ အသံတွေကို ထပ်တလဲလဲ ကြားနေသည်။ ထိုအသံတွေက မြပွင့်လွှာကို စက္ကန့်မလပ် ခြောက်လှန့်နေသည်။

ဂျမ်းနှင့်သူမ ထမင်းချိုင့်ထည့်ဖို့ ကြက်သားကြော်ကို နွှေးလိုက်သည်။ လုပ်နေသသည့် အလုပ်မှာ စိတ်ဝင်စားမှု အလျဉ်းမရှိ မြပွင့်လွှာရဲ့စိတ်တွေ အရမ်းလှုပ်ရှားနေသည်။

“ မေမေငယ် ဟင်းအိုးက နံနေပြီလေ ”

ဘယ်အချိန်က မီးဖိုထဲ ရောက်လာမှန်း မသိတဲ့ ဂျမ်းရဲ့အသံကို ကြားမှ အတွေးစတွေ ဖြတ်သွားသည် ဖျတ်ခနဲ မီးဖိုနား ပြေးခဲ့သည်။

ကြက်သားတုံးတွေ တစ်ခြမ်း တူးကုန်ပြီပဲ၊ အကြော်ဒယ်အိုးကို ခွင်ပေါ်က လောလောလေး ချလိုက်သည်။

“ ဒုက္ခပါပဲ၊ ဂျမ်းရဲ့ဟင်းတွေ တူးကုန်ပြီ ”

“ ရပါတယ် မေမေငယ်ရယ်၊ မတူးတဲ့အခြမ်းက စားလို့ရမှာပေါ့ ”

ကြည့်ပါဦး လေးနှစ်ဆိုတဲ့ အသက်နဲ့ မလိုက်အောင် လိမ္မာသိတတ်တဲ့

ဂျမ်းကလေးရဲ့ ဖောင်းအိနေတဲ့ ပါးလေးကို ငုံ့၍ နမ်းမိသည်။

သည်လောက် ချစ်စရာကောင်း၊ သိတတ်လိမ္မာတဲ့ ဂျမ်းလေးကို မြပွင့်လွှာ ဘယ်လိုခွဲနိုင်မှာ လဲ။

ဂျမ်းလေးက ငါ့ရဲ့အသွေး၊ ငါ့ရဲ့အသား၊ ငါ့ရဲ့အသက်။

" ဂျမ်းနဲ့ငါ ဘယ်လိုမှ မခွဲနိုင်ဘူး၊ ဟိုး နေဒွေးဆိုတဲ့လူကိုလဲ ဘယ်လိုမှ မပေးနိုင်ဘူး၊ ဂျမ်းနဲ့ ခွဲရရင် ငါသေမှာ . . . "

ပွေ့ပိုက်ရင်းက စိတ်မထိန်းနိုင်ဘဲ မြပွင့်လွှာ ငိုရှိုက်မိသည်။

" ဟင် . . . မေမေငယ် ငိုနေတယ် ဟုတ်လား "

ဂျမ်းက သူ့ရဲ့မျက်နှာကို မော့ကြည့်သည်။

" မေမေငယ်ရယ်၊ ဂျမ်းစားစရာမရှိမှာ စိုးလို့လား၊ မငိုပါနဲ့ တူးလဲ ဂျမ်း စားမှာပေါ့၊ စိတ်မကောင်းမဖြစ်နဲ့နော် မေမေငယ် တိတ် . . . တိတ်နော် "

ဂျမ်းက လူကြီးလေးလို လေသံနှင့် ပြောရင်း မြပွင့်လွှာရဲ့ မျက်ရည်စတွေကို လက်ဖဝါး ဂဂ ကစ်ကစ်နုနုထွေးထွေးလေးနှင့် သုတ်ပေးသည်။

" ဂျမ်းက ဘာနဲ့ဖြစ်ဖြစ် စားတတ်ပါတယ် မေမေငယ်ရယ် . . . "

ဂျမ်း မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့ပါလား၊ မြပွင့်လွှာ စိတ်မကောင်း ဖြစ်သွားသည်။ ရင်ထဲမှာ ထိခိုက်ကြေကွဲနေပေမယ့် ဆက်ငိုနေချင်ပေမယ့်၊ စိတ်ကို ထိန်းလိုက်ရသည်။ ထွက်ချင်သည့် မျက်ရည်တွေကို ကြိုးစားသိမ်းလိုက်ရသည်။

" ဟုတ်ပါပြီ ဂျမ်းရယ်၊ မေမေငယ် မငိုတော့ပါဘူး၊ ဂျမ်းအတွက် ကြက်ဥကြော်ပေးမယ်နော် "

" ရပါတယ်၊ ဒီဟင်းနဲ့ပဲ စားမယ်နော် "

မြပွင့်လွှာက ကြက်ဥကြော်ပြီး ထမင်းချိုင့်ထည့်သည်။ မတူးသည့်

ကြက်သားတုံးလေးတွေကိုလည်း ရွေးပြီး ထည့်သည်။ ရေမိုးချိုး ပြင်ဆင်ပြီး တိုက်ခန်းကို သော့ခတ်ကာ ထွက်ခဲ့သည်။

ဂျမ်းကို နေ့ကလေးထိန်းကျောင်းမှာထားခဲ့ပြီး သူက အလုပ်သို့ ထွက်ခဲ့သည်။

သွက်လာသော ခြေလှမ်းတွေနှင့် လှမ်းနေသော မြပွင့်လွှာရဲ့ ရင်တွေ လေးလံထိုင်းမှိုင်းနေသည်။ နေဒွေးဆိုသောသူနှင့် မတွေ့ဆုံမိအောင် ရှောင်ရှားရပါတော့မည်။

နေဒွေးရဲ့ အရည်အချင်းက ခပ်ညံ့ညံ့ မဟုတ်မှန်း မြပွင့်လွှာ တွက်ဆမိသည်။ သူမရဲ့ တယ်လီဖုန်း နံပါတ်ကို သိနေသေလို လိပ်စာကိုလည်း အတိအကျ သိနေမည်လို့ ထင်ထားပါသည်။

သည်လောက်နှစ်တွေ အကြာကြီးကြာပြီးမှ ဘာစိတ်ကူးပေါက်ပြီး သူလာဆက်သွယ်နေပါလိမ့်။ တစ်သက်လုံး အရေးမထားခဲ့တဲ့သမီးကို ခုမှ ဘာကြောင့် အပူတပြင်း တွေ့ချင်နေပါလိမ့်။

တကယ့်ကို ဂျမ်းအပေါ်မှာ တာဝန်မဲ့လွှန်းခဲ့သူက သူပဲ မဟုတ်လား။

ဘာအကြံတွေနဲ့များ သူပြန်ပြီး ချဉ်းကပ်နေရတာ လဲ။ လေးငါးနှစ်လုံး အဆက်အသွယ်ပြတ်ခဲ့ပြီး ခုမှ ဘယ်လိုစိတ်တွေပြောင်းလဲခဲ့ရတာ လဲ။

နေဒွေးကို တွေးလေ အခဲမကြေနိုင်အောင် မြပွင့်လွှာ ခံစားနေရသည်။

ကုမ္ပဏီတစ်ခုမှာ စာရင်းကိုင်လုပ်နေတဲ့ မြပွင့်လွှာ စာရင်းအင်းကိုသာ နိုင်နင်းပေမယ့် နေဒွေးရဲ့ လှုပ်ရှားဟန်ကို တွက်ချက်မရအောင် ဖြစ်နေသည်။

“ သူ လာပြီး ဆက်သွယ်တာ ကောင်းတဲ့အတိတ်နိမိတ်တော့ မဖြစ်နိုင်ဘူး၊ ဒီတော့ လုံးဝမတွေ့ဆုံရအောင် ငါကြံရမယ် ”

တွေးရင်းငေးရင်း လျှောက်လာသော မြပွင့်လွှာ။

ရုံးခန်းကိုရောက်မှန်းမသိ ရောက်လာသည်။ တစ်ရက် နှစ်ရက်အတွင်း ခွင့်ယူပြီး တစ်နေရာသို့ ထွက်ခွာရှောင်တိမ်းနေဖို့ မြပွင့်လွှာ စိတ်ကူးမိသည်။

ကုမ္ပဏီပိုင်ရှင်သူဌေးကို မြပွင့်လွှာ ခွင့်ရရှိရေးအတွက် တီးခေါက်ကြည့်သည်။ ခွင့်တစ်လလောက် ရဖို့အရေးက အဆင်ပြေနေသည်။

မြပွင့်လွှာ စိတ်ထဲမှာ တထစ်တော့ အေးရသည်ပေ့ါ။ နေ့ဒွေးကို ရှောင်တိမ်းဖို့ ပို၍ အဆင်ပြေ သွားရသည်ပါ။

တစ်ရက်နှစ်ရက်အတွင်းမှာ ခွင့်ယူမည်လို့ ကြိုတင်ပြောခဲ့သည်။ တစ်နေ့လုံး အလုပ်ထဲမှာ စိတ်ဝင်စားမှုမရှိအောင် မြပွင့်လွှာ ခံစားနေရသည်။

အမှားမယွင်းဘူးသော စာရင်းဇယားများ ခုတော့ လုံးဝရှင်းမရအောင် ဖြစ်နေသည်။ နောက်ဆုံး ဘာကိုမှ မလုပ်တော့ဘဲ ငုတ်တုတ် ထိုင်ပစ်လိုက်သည်။

*

# (၃)

အိမ်ပြန်ရောက်ပြီး ဂျမ်းကို ရေမိုးချိုးပြီး ညစာကျွေးလိုက်သည်။ ရွှင်ပျမှုအလျဉ်းမရှိသော မြပွင့်လွှာရဲ့မျက်နှာရိပ် မျက်နှာကဲကို ပါးနပ်သော ဂျမ်းက သိနေသည်။

“ မေမေငယ် ဘာဖြစ်နေတာလဲ ဟင် ”

မြပွင့်လွှာရဲ့ပါးကို လက်ဂဂ ကစ်ကစ်လေးနှင့် ဖွဖွလေးကိုင်ပြီး မေးလာသည်။

ချစ်စရာ အပြစ်ကင်းစင်သောဂျမ်းရဲ့ မျက်နှာနုနုလေးကို မြပွင့်လွှာ ငုံ့မိုးကြည့်လိုက်သည်။

“ ဘာမှ မဖြစ်ပါဘူး ဂျမ်းရယ် ”

“ မေမေငယ် စိတ်ညစ်နေလားဟင် ”

“ မညစ်ပါဘူး သမီးရယ် ”

“ ဒါကို ခါတိုင်းလို ဘာလို့ ဂျမ်းနဲ့ မကစားတာလဲ ပြန်လာကတည်းက မေမေငယ် ဂျမ်းကို စကားမပြောဘူးလေ ”

ဟုတ်သားပဲ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ရှုပ်နေသည်မို့ ဂျမ်းလေးကို ခါတိုင်းလို ဂရုတစိုက် မရှိခဲ့ပါ။ ဂျမ်းက သိပ်ပြီး လိမ္မာပါးနပ်သည့်ကလေးဆိုတော့ အကင်းပါးသည်လေ။

“ မေမေငယ် ဒီနေ့ ခေါင်းနည်းနည်း ကိုက်လို့ပါဂျမ်းရယ်။ ပါးမို့မို့ ဖောင်းဖောင်းလေးကို ငုံ့ပြီး နမ်းရင်း မြပွင့်လွှာ လိမ်ညာလိုက်ရသည်။”

“ ဟင် . . . မေမေငယ် ခေါင်းကိုက်တယ် ဟုတ်လား၊ ဒါဆို ဂျမ်း နှိပ်ပေးမယ်လေ ”

ပျာပျာသလဲ ဖြစ်သွားတဲ့ ဂျမ်းလေးကို ကြည့်ပြီး မြပွင့်လွှာ မျက်ရည်ဝဲမတတ် ကြည်နူးရသည်ပဲ။

“ ဂျမ်းလေးဟာ ငါ့ကို သိပ်ချစ်ရှာပါလား ”

“ ငါကရော ဂျမ်းကို အသက်မက ချစ်တာပြလေ ”

ရှိသမျှ အချစ်တွေနဲ့ ပုံအြပြီး ဂျမ်းကို ချစ်ခဲ့သည်ပဲ။ ကံဆိုးရှာတဲ့ဂျမ်း။ ဖခင်မေတ္တာကို လုံးဝ မခံစားခဲ့ရတဲ့ဂျမ်း။ ဖခင်ရဲ့ လျစ်လျူရှုပစ်ရက်ခြင်းကို ခံခဲ့ရသောဂျမ်း သိပ်ကို မေတ္တာငတ်ခဲ့သည်ပဲ။

ဒါကြောင့် ဂျမ်းလေး စိတ်အားမငယ်ရအောင် မေတ္တာငတ်တဲ့ကလေးတွေ စိတ်အနာတရ ဖြစ်ရသလို မြပွင့်လွှာက အစွမ်းကုန် ကာကွယ်ခဲ့သည်လေ။

သူမ ပြုစုပျိုးထောင်လာတဲ့ ပန်းလေးတစ်ပွင့်ကို ခုမှ သူကလာပြီး အသင့်ခူးပန်ချင်လို့ရမလား။

ဝေးသေးတယ် ဦးနေခွေး ရှင့်လို တာဝန်မဲ့တဲ့လူရဲ့လက်ထဲ ဂျမ်းကို လွယ်လွယ်များ ထည့်မယ်မှတ်သလား။

အတွေးတွေနှင့်အတူ မြပွင့်လွှာရဲ့မျက်နှာက ခက်ထန်တင်းမာသွားသည်။ သူမရဲ့ မျက်နှာကို အရိပ်တကြည့်ကြည့် ဖြစ်နေတဲ့ ဂျမ်းလေးရဲ့အတွေးက ပြောင်းလဲသောမျက်နှာထား အခြေအနေကို မဖမ်းစားနိုင်။ လိုက်လို့ မမီနိုင်ပါ။

“ မေမေငယ် ဘာတွေ ငေးနေတာလဲ ”

“ ဘာမှ မဟုတ်ပါဘူး၊ ဂျမ်းရယ် ”

“ ဂျမ်းကို ပုံပြောဦးလေ . . . ”

“ ပြောပါ့မယ်ကွယ် လာ . . . အိပ်ရာပေါ်မှာ မေမေငယ် ပြောမယ်နော် ”

ဂျမ်းလေးကို အိပ်ရာပေါ်မှာ လှဲစေလိုက်သည်။ ရင်ခွင်ထဲမှာ ဂျမ်းရဲ့ဦးခေါင်းလေးကို ပွေ့ ပိုက်ပြီး ဆံနွယ်လေးတွေကို ကြင်နာယုယစွာ ပွတ်သပ်ပေးနေသည်။ မရိုးနိုင်သောပုံပြင်လေးကို မြပွင့်လွှာက ပြောပြလိုက်သည်။

သြော် . . . ရင်ထဲမှာ ပူလောင်နေတဲ့ မြပွင့်လွှာရဲ့ ခံစားချက်ကို ဂျမ်းလေး မသိရှာပါလား။

ပုံပြင်လေး မဆုံးခင်မှာပဲ ဂျမ်းလေး တခေါခေါနဲ့ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ဂျမ်းရဲ့ ဦးခေါင်းလေးကို ခေါင်းအုံးပေါ်သို့ သာသာလေး ရွှေ့လိုက်သည်။

မနက်ဖြန် ခရီးထွက်ဖို့အတွက် မြပွင့်လွှာ စီစဉ်ရပါတော့မည်။ ခရီးဆောင်သေတ္တာနှစ်လုံးကို ထုတ်သည်။ တစ်လုံးက ဂျမ်းအတွက် တစ်လုံးက မိမိအတွက်ပေါ့။ အဝတ်အစားတွေထည့်၊ လိုအပ်မည့် ပစ္စည်းတွေ စုစည်းထည့်ပြီးချိန်မှာ ည၁၂ ဆယ့်နှစ်နာရီပင် ကျော်နေလေပြီ။ သည်တော့မှ အိပ်ရသည်။

“ ရှာနိုင်ရင် ရှာပေတော့၊ ဦးနေဒွေးရေ၊ ရှင် မတွေ့နိုင်တဲ့နေရာကို ပြေးပြီသိလား

မထီတရီ အပြုံးလေးနှင့် မြပွင့်လွှာက စိတ်ထဲက ပြောလိုက်ပါသေးသည်။

*

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ဂျမ်းကို ကြည့်ပြီး မနှိုးရက်ရက် ဖြစ်နေသည်။ စောစော စီးစီး အိမ်ကထွက်ချင်၍ နှိုးလိုက်ရသည်။

နှိုးလိုက်သည်နှင့် ဂျမ်းက ငေါက်ခနဲ ထထိုင်သည်။ ကပ်တတ်တတ် ဖြစ်နေသော မျက်ခွံ တွေကို ပွတ်လိုက်သည်။

“ ဟင် . . . မေမေငယ် ဂျမ်းကို အစောကြီးနှိုးတာလား ”

“ ဟုတ်တယ်ကွယ် . . . ထတော့၊ မေမေငယ် မျက်နှာသစ်ပေးမယ် . . . ”

မျက်နှာသစ်ပြီး ကလေးကို မာလ်တိုဗာနှင့် မုန့်ကျွေးသည်။ ပြီးတော့ ရေမိုးချိုး အဝတ်အစား လဲပေးသည်း မူကြိုအဝတ်အစားမဟုတ်ဘဲ အခြားအဝတ်အစားလဲပေးလို့ ဂျမ်းက အမေးအမြန်း ထူပါသည်။

“ မေမေငယ်၊ အဲဒါ ကျောင်းသွားတဲ့အဝတ်အစား မဟုတ်ဘူးလေ ”

သိပ်ပြီး ပါးနပ်တဲ့ ဂျမ်းကို ကြည့်ပြီး ပြုံးမိပါသည်။

“ ဟုတ်တယ် ဂျမ်း ဒီနေ့ ဂျမ်း ကျောင်းမတက်ရဘူး ”

“ ဟင် . . . ဟုတ်လား ဒါဆို ဘယ်သွားမလို့လဲ ”

“ မေမေငယ်နဲ့ ဂျမ်း တစ်နေရာကို သွားလည်ကြမယ်လေ . . .”

“ ဟင် . . . ဟုတ်လား၊ ဘယ်ကိုလဲ ”

“ အဝေးကြီးကိုပေါ့ ဂျမ်းရယ် ”

“ ဟာ . . . ပျော်လိုက်တာ ”

ဂကစ်ကစ်ကိုယ်လေးကို ခုန်ဆွခုန်ဆွနှင့် ဂျမ်းက လုပ်ပြီး ဝမ်းသာအားရ

ပြောသည်။ မြပွင့်လွှာက သိမ်းဆည်းစရာများကို သွက်သွက်လေး သိမ်းဆည်းလိုက်သည်။

ပြီးတော့ တိုက်ခန်းကို သော့ခတ်ပြီး ခရီးဆောင်သေတ္တာနှစ်လုံးကို ဆွဲပြီး ထွက်ခဲ့သည်။ အငှားလေးဘီးတစ်စီးကိုငှားပြီး သင်္ဘောဆိပ်ကို ထွက်ခဲ့သည်။

"မေမေငယ်၊ ဂျမ်းတို့က တကယ်အဝေးကြီးကို သွားမှာလားဟင် "

" ဟုတ်တယ် . . . သမီးလေး "

သင်္ဘောဆိပ်ကို ရောက်ခဲ့ပါပြီ။ ကလေးတစ်ဘက် သေတ္တာနှစ်လုံးနှင့် မနိုင်မနင်းဖြစ်နေတဲ့ မြပွင့်လွှာ အကူရှာရသည်။ ပစ္စည်းသယ်ရန် အလုပ်သမားရတော့ ဂျမ်းလေးကို ကောက်ချီလိုက်သည်။ ဆိပ်ခံဘောတံတားကနေ သွက်သွက်လေး လျှောက်ခဲ့သည်။

သန်လျင်သို့ ကူးသည့် နှစ်ထပ်သင်္ဘောကြီးဆီသို့ သွက်သွက်တက်ခဲ့သည်။ ထိုင်ခုံမှာ ဂျမ်းကို ပေါင်ပေါ်တင်ထားပြီးထိုင်သည်။ သင်္ဘောက ဆိပ်ကမ်းက ခွာသည်။ ကမ်းက တော်တော်လေး လှမ်းလာသည်နှင့် စင်ရော်လေးတွေ သင်္ဘောနောက် လိုက်ပျံနေကြသည်။

ခရီးသည်အချို့က အစာကလေးတွေကို စင်ရော်လေးတွေအား ကျွေးနေသည်။ ဂျမ်းက သည်မြင်ကွင်းကိုမြင်ပြီး သဘောကျနေသည်။ မြပွင့်လွှာအား ပူဆာပါတော့သည်။

" မေမေငယ် ဂျမ်း ငှက်ကလေးတွေကို အစာကျွေးချင်တယ် . . . "

" အေး . . . ကျွေးရမှာပေါ့၊ ဂျမ်းရယ် "

စာကလေးခွေဝယ်ပြီး သင်္ဘောလက်ရန်းများဆီသို့ လျှောက်ခဲ့ကြသည်။ ဂျမ်းက စင်ရော်လေးတွေကို ပစ်ပစ်ကျွေးနေသည်။

" မေမေငယ် ငှက်ကလေးတွေက ချစ်စရာလေးတွေနော် . . . "

“ အဲဒါ စင်ရော်လို့ ခေါ်တယ် ဂျမ်းရဲ့ ”

“ ဒါကြောင့် ဂျမ်းက ထင်နေတာ၊ အိမ်ကရှိတဲ့စာကလေးတွေနဲ့ မတူပါဘူးလို့ ”

ဂျမ်းရဲ့ပါးဖောင်းဖောင်းလေးကို ချစ်စနိုးဆွဲလိမ်ပြီး မြပွင့်လွှာ ရယ်လိုက်သည်။ ဂျမ်းသည် ထက်မြက်သော ကလေးတစ်ယောက်ပါ။ မှတ်ဉာဏ်လည်း သိပ်ကိုကောင်းသည်။

အစာကို ပစ်ပစ်ကျွေးနေ၍ ဂျမ်းကိုယ်လေး လွတ်မထွက်သွားအောင် တင်းတင်း ပွေ့ပိုက် ထားရသည်။ စိတ်ကျေနပ်အောင် ကျွေးပြီးမှာ ဂျမ်းက ရပ်နားသည်။

“ မေမေငယ် . . . သူတို့ မဝသေးဘူးလား မသိဘူးနော် ”

သင်္ဘောနောက်က ဆက်လိုက်နေဆဲဖြစ်တဲ့ စင်ရော်လေးတွေကို ကြည့်ပြီး ပြောလိုက်သည်။

“ နောက်ထပ် ကျွေးဦးမလားဆိုပြီး လိုက်နေတာပေါ့ ဂျမ်းလေးရဲ့ ”

“ သနားပါတယ်၊ ထပ်ကျွေးချင်လိုက်တာ ”

“ ကျွေးပေါ့၊ ဂျမ်းရယ် ”

“ မေမေငယ် ပိုက်ဆံတွေ ကုန်နေပြီနော်၊ ဂျမ်း ထပ်မကျွေးတော့ပါဘူး ”

အရွယ်နှင့် မလိုက်အောင် လိမ္မာသိတတ်တဲ့ ဂျမ်းကို ချစ်မြတ်နိုးစွာ ပါးလေးကို ငုံ့နမ်းလိုက်သည်။ သင်္ဘောက သန်လျင်ဆိပ်ကမ်းမှာ ဆိုက်ကပ်လေပြီ။ တိုးခွေ့ဆင်းနေကြသည်မို့ လူရှင်းမှ ဆင်းဖို့ ဆုံးဖြတ်လိုက်သည်။

လူရှင်းမှ သင်္ဘောပေါ်က ဆင်းခဲ့သည်။ ဆိပ်ကမ်းအပြင်ဘက်သို့ ရောက်ခဲ့သည်။ ပြောင်းလဲနေသော အနေအထားတွေကို ငေးကြည့်နေမိသည်။ သန်လျင်ကို မရောက်ခဲ့သည်မှာ ကြာပြီပဲ။

စိတ်ထဲမှာ ရင်းနှီးခဲ့သော လိပ်စာလေးသာ မပြောင်းမလဲ ရှိပါစေလို့ ဆုတောင်းလိုက်သည်။ ဆိုက်ကားတစ်စီး ငှားပြီး လိပ်စာကို ညွှန်ပေးလိုက်သည်။

တွေ့ချင်သူနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပါစေလို့ ဆုတောင်းလိုက်သည်။

မြပွင့်လွှာ ဆုတောင်းပြည့်ပါသည်။ သူရှာသောသူကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး တွေ့ပါသည်။

" ဟယ် . . . မြပွင့်လွှာ၊ ထူးထူးဆန်းဆန်းပါလားကွယ် "

တအံ့တသြနှင့် ဒေါ်စိန်က ပြောသည်။ ဒေါ်စိန်ဆိုတာ တစ်ချိန်က မြပွင့်လွှာတို့အိမ်မှာ အိမ်ဖော်လုပ်ခဲ့သူပဲ။

" ဒေါ်စိန်နဲ့မှ တွေ့ပါ့မလားလို့ ပွင့်လွှာ စိတ်ပူလိုက်ရတာ လေ "

" ကဲ . . . လာ. . . . လာ အထုပ်တွေ အပိုးတွေနဲ့ကိုး "

ဒေါ်စိန်က သေတ္တာတွေကို ကူသယ်သည်။ အိမ်ပေါ်ရောက်ပြီး ဒေါ်စိန်က သင်ဖြူးတစ်ချပ် ခင်းပြီး နေရာထိုင်ခင်း ပေးသည်။

မြပွင့်လွှာက မောပန်းစွာနှင့် ထိုင်လိုက်သည်။ ဒေါ်စိန်က လေ့လာသောအကြည့်တွေနှင့် စူး စမ်းနေသည်။

" ဒါနဲ့ . . . မြဝင့်ဝါရော ဟင် . . . နေကောင်းရဲ့လား "

ရုတ်တရက် မြပွင့်လွှာရဲ့ မျက်လုံးတွေ မှိုင်းဝေညှိုးကျသွားသည်။

မျက်နှာညိုညိုလေးကိုကြည့်ပြီး ဒေါ်စိန် နားမလည်အောင် ဖြစ်နေသည်။

" ဝင့်ဝါ ဆုံးသွားပြီ ဒေါ်စိန် "

" ဟင် . . . ဟုတ်လား၊ စိတ်မကောင်းလိုက်တာကွယ်၊ ဒါနဲ့ ဘယ်တုန်းက ဆုံးသွားလဲ၊ ဒေါ်စိန်က စာမတတ် သတင်းစာမဖတ်တော့ ဘာမှမသိပါဘူးကွယ် "

စိတ်မကောင်းသည့်မျက်နှာနှင့် ဒေါ်စိန်က မေးသည်။

“ ခြောက်လလောက်ပဲ ရှိပါသေးတယ် ဒေါ်စိန် ”

“ ဖြစ်ရလေကွယ်၊ ဒေါ်စိန်လဲ ကလေးတို့နဲ့ ခွဲခွာခဲ့ရတဲ့နှစ်ပေါင်း မနည်းတော့ဘူးနော် ”

“ ဒေါ်စိန်ရဲ့ အဆက်အသွယ်ဖြတ်ခဲ့တာ ကြာပြီပဲလေ၊ ခုတောင် စွပ်ရွတ်ထွက်လာပေမယ့်၊ ဒေါ်စိန်မှ ဒီမှာ ရှိသေးရဲ့လားလို့ စိတ်တထင့်ထင့်နဲ့ လာခဲ့ရတာ ပါ ”

ထူးဆန်းစွာ ရောက်လာသော မြပွင့်လွှာကို ဒေါ်စိန် အံ့ဩမိသလို ရောက်လာရသည့် အကြောင်းရင်းကိုလည်း သိချင်နေသည်။

“ ဒါနဲ့ ကလေး ဒေါ်စိန့်ဆီကိုပဲ သက်သက်လာတာလား ”

“ ဟုတ်ပါတယ် ဒေါ်စိန်၊ ဒီမှာ ပွင့်လွှာတို့ တစ်လလောက်နေရင် ရမလားဟင် ”

“ အိုကွယ် . . . ဒေါ်စိန် အိမ်ဘေးခန်းက အားနေတာ။ ကလေးတို့ နေမယ်ဆိုရင် နေနိုင်ပါတယ်ကွယ် ”

“ ကျေးဇူးတင်လိုက်တာ ဒေါ်စိန်ရယ် ”

ဒေါ်စိန်က ချစ်စရာ ဂကစ်ကစ်လေး ဂျမ်းကို မကြာခဏ လှမ်းကြည့်နေသည်။ ဂျမ်းနှင့် မြပွင့်လွှာ ဆက်နွယ်ပုံကိုလည်း သိပ်ကို သိချင်နေသည်။

“ မေမေငယ် ဂျမ်း ရေသောက်ချင်တယ် ”

ဒေါ်စိန်က ပျော့ပါးစွာ ထပြီး ဂျမ်းကို ရေခပ်ပေးသည်။ မေးခွန်းအတွက် အဖြေလည်း ရလိုက် သလို ဖြစ်သွားသည်။ ဂျမ်းရဲ့ခေါ်ပုံကို ထောက်ပြီး ဂျမ်းသည် မြပွင့်လွှာရဲ့သမီးလို့ ခံယူလိုက်သည်။

ဘာကြောင့် မြပွင့်လွှာ သည်မှာလာနေသည်ကိုလည်း သိချင်သည်။ ဒါပေမဲ့ သူတို့အိမ်မှာ နေစဉ်ကတည်းက ဘာကိုမှ ဝင်ရောက်မစပ်စုတတ်သူမို့ မမေးဘဲ နေလိုက်သည်။ အချိန်တန်တော့ သိလာမည်လို့ ယုံကြည် လက်ခံထားလိုက်သည်။

" ကဲလွှာ . . . ဒေါ်စိန် တံခါးဖွင့်ပေးမယ်၊ ပွင့်လွှာတို့နေရမယ့်အခန်းမှာ အေးအေးဆေးဆေးနားပေ့ါ၊ ဒေါ်စိန် ထမင်းစားဖို့ ပြင်ထားပေးမယ်နော် "

ကျေးဇူးတင်သောမျက်ဝန်းတွေနှင့် ဒေါ်စိန်ကိုကြည့်လိုက်ရသည်။ ခုချိန်တွင် ဒေါ်စိန်သည် မြပွင့်လွှာအတွက် ကန္တာရထဲက အိုအေစစ်ငယ်တစ်ခုပါပဲ။

*